# အာရက္ခရေးရာအထူးလေ့လာချက်

## ရခိုင်ပြည်သူများကြုံတွေ့ရသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ

**အမှတ် (၁)**
**၂၀၂၆**



၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ (၁၀) ရက်နေ့ မြောက်ဦးဆေးရုံ ဗုံးကြဲခံရပြီးနောက် မြင်တွေ့ရပုံ
(ဓာတ်ပုံ- မြောက်ဦးလူငယ်များ အစည်းအရုံး)

**မတ် ၁၊ ၂၀၂၆ ခုနှစ်**

## ၁။နိဒါန်း

**(က) အဓိကအကြောင်းအရာ**
ရခိုင်ဒေသအတွင်း ကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ

**(ခ) နယ်မြေဒေသ**
ချင်းပြည်တောင်ဖက် ပလက်ဝမြို့နယ်အပါအဝင် စစ်ကော်မရှင်နှင့် အာရက္ခတပ်တော်တို့ ကိုယ်စီ ထိန်းချုပ်ထားသော ရခိုင်ပြည်အတွင်း မြို့နယ် (၁၇) ခု။

**(ဂ) အချိန်ကာလ**
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလထိ (၅) လတာကာလ။

ရခိုင်ဒေသသည် နိုဝင်ဘာ၊ ၂၀၂၃ ခုနှစ်မှ စ၍ တကျော့ပြန်စစ်ပွဲများကြောင့် လုံခြုံရေးအခြေအနေ မတည်ငြိမ်မှုများ၊ လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့ခံရမှုများ၊ စစ်ရေးပဋိပက္ခကြောင့် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်မှုများအပြင် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုကြောင့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခက်အခဲများစွာကို ခါးစည်းခံရင်ဆိုင်နေရသော ဒေသတစ်ခုဖြစ်သည်။ ဒေသ တွင်းပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများသည် စိုးရိမ်ဖွယ်အဆင့်သို့ ရောက်ရှိလာ နေသည်။

ယခုလေ့လာချက်သည် ဒေသတွင်းသတင်းမီဒီယာများမှ ဖော်ပြထားသော သတင်း အချက်အလက်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပြင် ဒေသခံပြည် သူများ၏ ပြောကြားချက်များ အပေါ်အခြေခံ၍ ရခိုင်ပြည်သူများကြုံတွေ့နေရသော ကျန်းမာရေး ဆိုင်ရာစိန်ခေါ်မှုများကို အဓိကအာရုံစိုက်ထားသည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ

**(က) မာန်အောင်တွင် ကိုယ်ဝန်ဆောင်နှင့်ကလေးငယ်များ နှစ်ချီကြာ ကျန်းမာရေးစောင့်ရှောက်မှု ကင်းမဲ့နေ**

မာန်အောင်မြို့နယ်တွင် စစ်ကော်မရှင်၏ ကုန်းလမ်း၊ ရေလမ်းပိတ်ဆို့မှုကြောင့် ဆေးဝါးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ပြတ်လပ်နေပြီး၊ ကုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင်လည်း ကျွမ်းကျင်ဆရာဝန်များ မလုံလောက်ခြင်းနှင့် ဆေးပစ္စည်းပြတ်လပ်ခြင်းကြောင့် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးသူငယ်များအပါအဝင် နာတာရှည်ရောဂါသည်များအနေဖြင့် ကျန်းမာရေး အကျပ်အတည်းကို ရင်ဆိုင် ကြုံတွေ့နေကြရသည်။

**(ခ) ပလက်ဝမြို့နယ်တွင် ငှက်ဖျားရောဂါကြောင့် ကလေးငယ်တစ်ဦးသေဆုံး**

သွေးလွန်တုပ်ကွေးရောဂါကြောင့် ပလက်ဝမြို့နယ် မောင်ရွာ၊ ဗုဒ္ဓရွာနှင့် ကျေးတောကျေးရွာမှ ကလေးငယ် (၅) ဦးသေဆုံးခဲ့သည်။ ပလက်ဝမြို့နယ်နှင့် မင်းတပ်မြို့နယ်ကြားက ကျေးရွာများ၌လည်း ရာသီဥတုအပြောင်းအလဲကြောင့် ငှက်ဖျားရောဂါများ ပြန်ဖြစ်နေသောကြောင့် ဆေးဝါးအကူအညီများ လိုအပ်နေသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ

**(ဂ) ကျောက်တော်မြို့နယ်တွင် ၁၃ နှစ်အရွယ် ကလေးတစ်ဦး ငှက်ဖျားကြောင့် သေဆုံး**

"ဆေးရုံကိုရောက်တော့ သွေးဖောက်တယ်။ သွေးစစ်တော့ ငှက်ဖျားပိုးက ဦးနှောက်ကို ရောက်သွားတယ်လို့ ပြောတယ်။ ဆေးခန်းပြမယ်ဆိုပြီး မြေးအဖိုးနှစ်ယောက် လာခဲ့ကြတာ။ ခြေလျင်လျှောက်ပြီး တောင်နှစ်လုံးလောက် ကျော်ပြီးလာတာဖြစ်တော့ ပင်ပန်းတာကြောင့် ပိုနေမကောင်းဖြစ်သွားတယ်။ အဖိုးဖြစ်သူက ကျောပိုးလာတာ။ လမ်းမှာကတည်းက (ကလေးက) စကားမပြောတော့ဘူး" ဟု ဆွေမျိုးတော်စပ်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

**(ဃ) ပလက်ဝခရိုင်အတွင်း ဒေသခံများနှင့် ကုန်သည် စုစုပေါင်း ၃၀၀ ဦးခန့် ပြင်းထန်ဝမ်းရောဂါ ကူးစက်ခံနေရ**

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် နှင့် နယ်စပ်ဒေသများမှ စတင် ကူးစက်လာသော ဝမ်းပျက် ဝမ်းလျှောရောဂါသည် ပလက်ဝဒေသခံ နှင့် ကုန်သည် ၃၀၀ ကျော်ခန့် ကို ကူးစက်စေခဲ့ပြီး၊ အဆိုပါ ကူးစက်ဝမ်းရောဂါကြောင့် လူ ၆ ဦးအထိ သေဆုံးခဲ့ရသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ

**(င) ရသေ့တောင် မိုးစဲကျွန်းက စစ်ဘေးရှောင်များ အရေပြားရောဂါခံစားနေရ**

စစ်ဘေးရှောင်ထောင်ချီ နေထိုင်ကြသည့် ရသေ့တောင်မြို့နယ်၊ မိုးစဲကျွန်းတွင် စစ်ဘေးရှောင် လူဦးရေ ၇၀၀ ခန့် အရေပြားရောဂါခံစားခဲ့ကြရသည်။ ထို့အပြင် ကျောက်ဖြူ၊ ရမ်းဗြဲ၊ အမ်း၊ တောင်ကုတ်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး မြို့နယ်များတွင်လည်း စစ်ဘေးရှောင်နှင့် ဒေသခံအများအပြား အရေပြား ကူးစက်ရောဂါများ ဖြစ်ပွားခဲ့သည်။ လက်ရှိတွင် ငွေကြေးမတတ်နိုင်သည့် စစ်ဘေးရှောင်များမှာ တိုင်းရင်းဆေးဝါးများကို မှီခိုပြီး ကုသနေရကြောင်း သိရသည်။ ထို့ကြောင့် ဆေးဝါးကုသရန်အကူအညီများလိုအပ်နေကြောင်း စစ်ဘေးရှောင်များက ပြောဆိုကြသည်။

**(စ) မြောက်ဦးဆေးရုံ ဗုံးကြဲခံရမှု သေဆုံးသူ ၃၃ ဦးနှင့် ဒဏ်ရာရသူ ၈၀ အထိ ရှိလာ**

မြောက်ဦးမြို့နယ်ရှိ ပြည်သူ့ဆေးရုံကို စစ်ကောင်စီတပ်က ဂျက်တိုက်လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တာကြောင့် သေဆုံးသူ ၃၃ ယောက် နဲ့ ထိခိုက်ဒဏ်ရာရရှိသူ ၈၀ ယောက်ထက်မနည်း ရှိနေကြောင်း ဒေသခံတွေနဲ့ မျက်မြင်တွေရှိသူတစ်ဦးက ပြောကြားထားသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ

**(ဆ) ရခိုင်တွင် ကလေးငယ်များ အဆုတ်ရောင်နှင့် ရာသီတုပ်ကွေးရောဂါ အဖြစ်များနေ**

အာရက္ခတပ်တော် ထိန်းချုပ်ရာဒေသတွင် ရာသီအကူအပြောင်းကာလအတွင်း အသက် ၂ နှစ်အောက် ကလေး များအကြား ရာသီတုပ်ကွေး၊ အဆုတ်ရောင်နမိုးနီးယား၊ ပန်းနာရင်ကြပ်နှင့် ချွဲကြပ် စသည့် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုများပြားလာပြီး ဆေးရုံ၊ ဆေးခန်းများတွင် ကလေးလူနာများ တိုးလာနေခဲ့သည်။ ယင်းအပြင် ဆောင်းရာသီအတွင်း ကလေးများအတွက် တုပ်ကွေးကာကွယ်ဆေး (Gene) ကို ပုံမှန်ထိုးပေးနိုင်ရန် လိုအပ်ချက်များရှိနေကြောင်းလည်း ကျန်းမာရေးအသိုင်းအဝိုင်းက ဆိုသည်။

**(ဇ) ရန်ကုန်မှ ပြန်လာသော စစ်တွေနှင့် ကျောက်ဖြူ ဒေသခံလူနာများ၏ ဆေးဝါးသယ်ယူခွင့်ကန့်သတ်ခံရ**

ရန်ကုန်တွင် ဆေးကုသမှုခံယူပြီး လေကြောင်းခရီးဖြင့် ပြန်လာသော စစ်တွေနှင့် ကျောက်ဖြူဒေသမှ လူနာများသည် ဆေးဝါးများကိုလုံလောက်စွာ ယူဆောင်ခွင့်မရသည့် စစ်ကော်မရှင်၏ ကန့်သတ်ခြင်းနှင့် ကြုံတွေ့နေရသောကြောင့် ဒေသတွင်း နာတာရှည်ရောဂါဝေဒနာရှင်များအနေဖြင့် ဆေးအဆက်မပြတ်ရရှိနိုင်ရန် ခက်ခဲလာကာ ကျန်းမာရေးအန္တရာယ် ပိုမိုမြင့်တက်နေသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ

**(ဈ) စစ်တွေ နှင့် ကျောက်ဖြူမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှု အကျပ်အတည်း နဲ့ ရင်ဆိုင်နေရ**

စစ်ကော်မရှင်ထိန်းချုပ်နယ်မြေများဖြစ်သည့် စစ်တွေနှင့် ကျောက်ဖြူမြို့တွင် လက်နက်ကိုင်ပဋိပက္ခနှင့် လမ်းပန်း ဆက်သွယ်ရေးအခက်အခဲကြောင့် ဆေးဝါးများ ပြတ်လပ်နေပြီး ဆေးကုသခွင့်ကန့်သတ်ခံနေရသည်။ HIV, ကင်ဆာနှင့် နာတာရှည်ရောဂါဝေဒနာရှင်များမှာ ဆေးဝါးများလက်လှမ်းမမှီနိုင်ခြင်းကြောင့် ကျန်းမာရေး အခြေအနေများ ပိုမိုဆိုးရွားလာနေပြီး၊ စစ်ဘေးရှောင်စခန်းများတွင်လည်း သန့်ရှင်းရေမလုံလောက်ခြင်းနှင့် ကျန်းမာရေး ချို့တဲ့မှုကြောင့် ကူးစက်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်နေကြောင်း အရပ်ဖက်ကူညီကယ်ဆယ်ရေး အဖွဲ့များက ဆိုသည်။

## ၃။တွေ့ရှိချက်များ

၁။ AA နှင့် စစ်ကော်မရှင်တပ် ကိုယ်စီထိန်းချုပ်ရာနယ်မြေ ရခိုင်ဒေသ မြို့နယ် (၁၇) ခု နှင့် ချင်းပြည်တောင်ပိုင်း ပလက်ဝမြို့နယ်များအတွင်းရှိ နေထိုင်သူပြည်သူများသည် ပဋိပက္ခကြောင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ထွက်ပေါ်လာသော ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှု အကျိုးဆက်များကို ရင်ဆိုင်နေရသည်။

၂။ စစ်ကော်မရှင်တပ် ထိန်းချုပ်ထားသော လက်ကျန်မြို့နယ် (၃) ခု အနက် မာန်အောင်မြို့နယ်တွင် ဆေးဝါးနှင့် ဆေးပစ္စည်းပြတ်လပ်ခြင်းတို့အပြင် ဆရာဝန်မလုံလောက်ခြင်းစသည့် ပြဿနာများကို ပြည်သူများ ရင်ဆိုင်ရသည်။ စစ်တွေနှင့် ကျောက်ဖြူမြို့တို့တွင်လည်း စစ်ကော်မရှင်၏ ဆေးဝါးသယ်ယူခွင့် ကန့်သတ်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့မှုများကြောင့် ဆေးဝါးရရှိနိုင်မှုမှာ ပိုမိုခက်ခဲလာခဲ့ပြီး၊ နာတာရှည် ရောဂါဝေဒနာရှင်များအတွက် အခြေခံကျန်းမာရေး ဝန်ဆောင်မှုများပင် မလုံလောက်သည့် အရေးပေါ် ကျန်းမာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။

၃။ လူဦးရေများပြားပြီး၊ နယ်မြေ ပိုကျယ်ပြန့်သော အာရက္ခတပ်တော် ထိန်းချုပ်ဒေသများတွင်လည်း အမျိုးမျိုးသော ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို ဒေသခံပြည်သူများအနေဖြင့် ကြုံတွေ့နေရသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် စစ်ကော်ရှင်မှ မြောက်ဦးဆေးရုံးကို ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆေးကုသခံယူနေသူ လူနာအများအပြားသေဆုံးခဲ့ရခြင်းမှာ ဆေးကုသခံယူနေသူများ၏ အသက်အန္တရာယ်လုံခြုံရေး ခြိမ်းခြောက်ခံနေရကြောင်း သိသာစေသော အချက်ဖြစ်သည်။

၄။ လွန်ခဲ့သော (၅) လအတွင်း ငှက်ဖျားကြောင့် ကလေးငယ်များသေဆုံးမှုကို ပလက်ဝနှင့် ကျောက်တော်မြို့နယ်များတွင် တွေ့ရှိခဲ့ရပြီး၊ ဆေးဝါးပြတ်လပ်မှု နှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများမှာ အဓိကအကြောင်းအရင်းများအဖြစ် ဖော်ပြထားသည်။ ထို့အပြင် ရာသီအကူးအပြောင်းကာလအတွင်း အသက် (၂) နှစ်အောက် ကလေးများအကြား ရာသီတုပ်ကွေး၊ အဆုတ်ရောင်နမိုးနီးယား၊ ပန်းနာရင်ကြပ်နှင့် ချွဲကြပ် စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ပိုမိုများပြားလာပြီး ကလေးများအတွက် တုပ်ကွေးကာကွယ်ဆေး (Gene) ကို ပုံမှန်ထိုးပေးနိုင်ရန် လိုအပ်ချက်ရှိခဲ့သည်။

၅။ ထို့အပြင် ပလက်ဝမြို့နယ်၌ ကူးစက်လာသော ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် ပြည်သူတစ်ချို့ သေဆုံးခဲ့ပြီး၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ အမ်း၊ တောင်ကုတ်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးမြို့နယ်တို့တွင်လည်း စစ်ဘေးရှောင်နှင့် ဒေသခံအများအပြား အရေပြားကူးစက်ရောဂါများခံစားခဲ့ရကာ ရသေ့တောင်မြို့နယ်၊ မိုးစဲကျွန်းတွင် စစ်ဘေးရှောင် လူဦးရေ (၇၀၀) ခန့်ထိ အဆိုပါ ရောဂါဖြစ်ပွါးခဲ့သည်။ သတင်း၏ ဖော်ပြချက်အရ ငွေကြေးမတတ်နိုင်သော ပြည်သူများသည် တိုင်းရင်းဆေးဝါးများကိုသာ မှီခိုနေရပြီး၊ ဆေးဝါးအကူအညီများ လိုအပ်နေသည်ကို တွေ့ရသည်။

## ၄။ သုံးသပ်ချက်

စစ်ကော်မရှင်တပ် ထိန်းချုပ်ထားသောမြို့နယ်များတွင် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများမှာ သယ်ယူပို့ဆောင်ရေး အကန့်အသတ်ကြောင့်သာ မဟုတ်ဘဲ၊ နိုင်ငံရေးအရအလေးထားမှုနှင့် စီမံခန့်ခွဲမှုအားနည်းချက်များကြောင့်ဖြစ်သည်ကို တွေ့ရသည်။ တဖက်တွင် အာရက္ခတပ်တော် ထိန်းချုပ်မှုအောက်ရှိ စိန်ခေါ်မှုများမှာ အဓိကအားဖြင့် ပြင်ပမှလမ်းပန်းဆက်သွယ်ရေးပိတ်ဆို့ခံရမှု၊ စစ်ရေးကြောင့် လုံခြုံရေးအားနည်းမှု၊ လုံလောက်သော ဆေးဝါး၊ဆေးပစ္စည်းနှင့် ဆေးဝန်ထမ်းများ မလုံလောက်မှု၊ ပြည်တွင်းခရီးသွားလာရေးခက်ခဲမှုများကြောင့် ဖြစ်သည်။ သို့သော် စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်တချို့လည်း ရှိနေနိုင်ပေသည်။

တုန့်ပြန်မှုများအဖြစ် ULA၏ ကျန်းမာရေးဌာနမှ HIV လူနာများအတွက် ART ဆေးဖြန့်ဝေခြင်း၊ ကလေးကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများစတင်ခြင်းနှင့် ဆေးသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းတို့ကို လုပ်ဆောင်လာသည်ကို တွေ့ရသည်။

သို့သော် လက်ရှိကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများသည် ဒေသတွင်း ပြည်သူများ၏ နေ့စဉ်ဘဝ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေပြီး၊ လူမှုဘဝမလုံခြုံမှုများကို ပိုမိုမြင့်တက်လာစေနိုင်သည်။ ဒေသတွင်း အခြေခံကျန်းမာရေး ဝန်ဆောင်မှုများကို လူတန်းစေ့ လက်လှမ်းမှီနိုင်မှု နည်းပါးခြင်းသည် ဒေသတွင်းအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးစနစ်များ၏ ထိရောက်မှုအပေါ် ယုံကြည်မှုလျော့နည်းလာနိုင်စေပါသည်။

အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒ အကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

©၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org